# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၅)

## တရားစီရင်ရေးနှင့် စပ်လျဉ်း၍ သမတ ၏ အခွင့်အာဏာကို တောင်အာဖရိကနိုင်ငံနှင့် နိုင်းယှဉ်လေ့လာခြင်း

စက်တဘ်ာလ (၁၂) ရက်နေ့က တောင်အာဖရိကနိုင်ငံ တရားရုံးကနေ (ယခင် တောင်အာဖရိကနိုင်ငံ သမတဟောင်း) အာဖရိက အမျိုးသား ကွန်ဂရက် (အေအင်န်စီ)ရဲ့ ဥက္ကဌ ဂျက်ကော့ ဇူးမားအပေါ် စွဲဆိုထားတဲ့ လာဘ်စားမှု စွဲချက်တွေကနေ ကင်းလွတ်ခွင့်ပြုလိုက်တယ်။ ဒီ အပေါ်မှာ တောင်အာဖရိက နိုင်ငံရဲ့ လူထုအများစုကြီးဝမ်းမြောက်ဝမ်းသာ ကခုန်နေကြတဲ့ပုံကို ရုပ်မြင်သံကြားမြင်ကွင်းမှာ တွေ့လိုက်ရတယ်။

တောင်အာဖရိကမှာ လက်ရှိသမတ အဖြစ်တာဝန်ယူနေသူက အမ်ဘီကီ ဖြစ်တယ်။ အမ်ဘီကီနဲ့ ဇူးမားတို့ဟာ အဖွဲ့အစည်းတခုတည်းမှာယှဉ်ပြိုင်ဘက် ခေါင်းဆောင်တွေဘဲ။ အေအင်န်စီရဲ့ ညီလာခံမှာ ဇူးမားက လက်ရှိ သမတ အမ်ဘီကီရဲ့ သဘောထားနဲ့ ဆန့်ကျင်ပြီး ဥက္ကဌဖြစ်လာခဲ့သူပါ။ ဒါနဲ့ ဆက်စပ်ပြီး သမတ အမ်ဘီကီက ဇူးမားအပေါ် မကြေနပ်မှုတွေရှိတယ်လို့ တောင်အာဖရိက နိုင်ငံရေးအသိုင်းအဝိုင်းက သုံးသပ်ကြတယ်။ ဒါကြောင့် ဇူးမားအပေါ် လာဘ်စားမှုစွဲချက်တွေတင်လာတဲ့အခါမှာ တောင်အာဖရိကနိုင်ငံ တရားရုံးရဲ့ ဆုံးဖြတ်လုပ်ဆောင်မှုကို ပြည်တွင်းလူထုကရော နိုင်ငံတကာကပါ စိတ်ဝင်စားကြတာပါဘဲ။ ဆိုလိုတာက တောင်အာဖရိက နိုင်ငံတရားရုံးဟာ၊ လွတ်လပ်မှု ရှိမရှိ၊ သမတ လက်အောက်ခံအဖြစ် သမတစိတ်ကြိုက် အမှုကိုကိုင်တွယ်တာ ဟုတ်မဟုတ်၊ စောင့်ကြည့်နေခဲ့ကြတာဖြစ်တယ်။ ဇူးမားကို စွဲချက်တွေကနေ ကင်းလွတ်ခွင့် ဆုံးဖြတ်ပေးလိုက်တဲ့အချက်က တောင်အာဖရိကနိုင်ငံရဲ့ တရားစီရင်ရေးဟာ သမတရဲ့လက်အောက်မှာ မရှိဘူး၊ သမတရဲ့ လက်ကိုင်တုတ်မဟုတ်ဘူးဆိုတာကို သက်သေပြလိုက်တာပါဘဲ။

တောင်အာဖရိကမှာ ကမ္ဘာကျော်ခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလား သမတအဖြစ် တာဝန်ယူခဲ့စဉ်တုံးကလဲ တောင်အာဖရိနိုင်ငံ တရားရုံးဟာ သူ့ရဲ့လွတ်လပ်မှုကို ထင်ထင်ရှားရှားပြသခဲ့ဘူးပါတယ်။ ရွေးကောက်ပွဲ မဲဆန္ဒနယ်မြေတွေကို သမတ က လက်မှတ်ရေးထိုး ထုတ်ပြန်ကြေငြာအပြီး မကြာခင်မှာတင် **သမတရဲ့ ထုတ်ပြန်ချက်ဟာ တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေကြောင်း** အမြင့်ဆုံးတရားရုံးရဲ့ ဆုံးဖြတ်ချက် ထွက်လာခဲ့တယ်။ အဲသလို ထွက်လာပြီးနောက်တနေ့မှာတင်ဘဲ သမတ နယ်လ်ဆင်မန်ဒဲလားဟာ သတင်းစါရှင်းလင်းပွဲဆင့်ခေါ်ပြီး လူထုတရပ်လုံးကို မိန့်ခွန်းပြောခဲ့တယ်။

> တောင်အာဖရိကနိုင်ငံသားများ ခင်ဗျား၊ ကျွန်တော်ဟာ တိုင်းပြည်မှာ အုပ်ချုပ်ရေးအရ အမြင့်ဆုံးတာဝန်ယူထားတဲ့ သမတ ဖြစ်တယ်။ ကျွန်တော့ရဲ့ ရွေးကောက်ပွဲ မဲဆန္ဒနယ်မြေနဲ့ ပတ်သက်လို့ ကျွန်တော့်ရဲ့ ထုတ်ပြန်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေပြီ ဆိုပြီး ကျွန်တော်တို့ လေးစားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ ကျွန်တော်ဟာ တောင်အာဖရိကနိုင်ငံသား တယောက်ဖြစ်တယ်။ ဒါကြောင့် တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို နာခံရပါမယ်။ ခင်ဗျားတို့ရဲ့ သမတကြီး သည်ပင်လျှင် ဥပဒေစိုးမိုးမှုရဲ့အောက်မှာရှိတယ်ဆိုတဲ့ အချက်ကို ခင်ဗျားတို့အားလုံး မှတ်ထားကြပါ။

တောင်အာဖရိကဟာ လူဖြူလူမဲ ခွဲခြားကျင့်သုံးတဲ့ လူဖြူအာဏာရှင်စနစ်အောက်ကနေ ၁၉၉၄ ခုနှစ်ကမှ လွတ်မြောက်လာခဲ့တဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ပြဿနာဟောင်းတွေကို ဆက်ရှင်း၊ နောက်ပေါ်လာတဲ့ ပြဿနာသစ်တွေကို ထပ်မံကိုင်တွယ်နဲ့ နှစ်ပေါင်း တဆယ့်လေးနှစ်ကြာလာတဲ့ အခုအချိန်အထိ တိုင်းပြည်တိုးတက်တည်ငြိမ်မှု အတွက် ရုန်းကန်နေရဆဲပါ။ ဒါပေမယ့် သူ့တိုင်းပြည်မှာ ကောင်းမွန်တဲ့ အုတ်မြစ်ကောင်းတချို့ တည်ဆောက်ထားနိုင်ပါပြီ။ အဲဒါတွေအနက် တရပ်ကတော့ အုပ်ချုပ်ရေးပိုင်တွေရဲ့ လွှမ်းမိုးမှုကနေ သီးခြားကင်းလွတ်တဲ့ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ပါဘဲ။ လွတ်လပ်တဲ့ တရားစီရင်ရေး စနစ်တရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ချမှတ်ကျင့်သုံးရတာဖြစ်ပါတယ်။

လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို ချမှတ်ကျင့်သုံးရာမှာ အခြေခံအကျဆုံးအချက်တရပ်ကတော့ တိုင်းပြည်ရဲ့ အမြင့်ဆုံးတရားရုံးတွေရဲ့ တရားသူကြီးတွေကို အုပ်ချုပ်ရေးအာဏာပိုင်တွေက အလွယ်တကူ ခန့်အပ်၊ ထုတ်ပယ်မှုတွေ မလုပ်နိုင်အောင် ကာကွယ်ပြဋ္ဌာန်းရတာပါ။ တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၇၄ (၃) အရ အောက်ပါအတိုင်း ခန့်အပ်တာဖြစ်တယ်။

အမျိုးသားအုပ်ချုပ်ရေးအကြီးအကဲဖြစ်သူ သမတသည် တရားစီရင်ရေးဆိုင်ရာ ကော်မရှင်နှင့်၊ အမျိုးသား လွှတ်တော်တွင် ကိုယ်စားပြုတက်ရောက်နေသော နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်တို့နှင့် ညှိနိုင်းကာဖွဲ့ စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ တို့ကို ခန့်အပ်ရမည်။

တောင်အာဖရိက နိုင်ငံမှာတရားသူကြီးတွေကို ခန့်အပ်၊ ထုတ်ပယ်တဲ့နေရာမှာ အရေးပါလှတဲ့ တရားစီရင်ရေးဆိုင်ရာ ကော်မရှင်ကို တရားသူကြီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဥက္ကဋ္ဌ၊ တရားရေးဝန်ကြီးဌာန ဝန်ကြီး၊ လက်ရှိ အမှုလိုက်ပါဆောင်ရွက်နေဆဲဖြစ်တဲ့ ရှေ့နေကြီးနှစ်ဦး၊ ဥပဒေဘာသာရပ်ကို သင်ကြားပို့ချနေတဲ့ ဥပဒေပညာရှင် တဦး၊ အတိုက်အခံနိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်သုံးဦး အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ခြောက်ဦးအစရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ တရားစီရင်ရေးဆိုင်ရာကော်မရှင်က သဘောမတူဘဲ သမတဟာ သူ့စိတ်သဘောထားတခုထဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတရားသူကြီးချုပ်ကို ခန့်ခွင့် မရှိပါဘူး။ ဒါက တောင်အာဖရိကနိုင်ငံမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ဒါနဲ့ ပြောင်းပြန်ပါဘဲ။ သမတ ဟာ ဘယ်သူ့ဆီကမှ သဘောထားယူစရာမလိုဘဲ မိမိ သဘောဆန္ဒတခုထဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌကို ခန့်ခွင့်ရှိအောင်  နအဖရဲ့ ၂၀ဝ၈ ခုနှစ် နာဂစ်ဖွဲ့ စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ အရ စနစ်တကျ ဖန်တည်းထားပါတယ်။ ပိုပြီးဆိုးတာက သမတ က အမည်စါရင်း တင်သွင်းလိုက်သူတွေကို ပြည်ထောင်စုလွှတ်တော်က ငြင်းပယ်နိုင်ခွင့်မရှိအောင် ပုဒ်မ (၃၂၈) မှာ အောက်ပါအတိုင်း ပြဌာန်းထားလိုက်ပါသေးတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော်သမတ က စုစည်း အမည်စါရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်း ပယ်ခွင့် မရှိစေရ။

တောင်အာဖရိကနိုင်ငံမှာ တရားသူကြီးတဦးဟာ မစွမ်းဆောင်နိုင်တော့တဲ့ အခြေအနေရောက်လာမယ်၊ ဒါမှမဟုတ် ကိုယ်ကျင့်တရားပျက်ပြားမယ်ဆိုရင် ရာထူးတာဝန်ကနေ ထုတ်ပယ်နိုင်တယ်။ မြန်မာနိုင်ငံမှာတော့ နအဖ ရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကိုဖေါက်ဖျက်တယ်လို့ သမတက ယူဆရင် တရားသူကြီးတဦးဦးကို ထုတ်ပယ်ပစ်နိုင်အောင် ပြဌာန်းထားတယ်။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖေါက်ဖျက် တယ် ဆိုတာဘာလဲ။ နအဖ ဖွဲ့စည်းပုံထဲမှာ ဘယ်နေရာမှာမှ အဓိပ္ပါယ်ဖွင့်ဆိုထားတာမရှိပါ။ သမတစိတ်နဲ့ မတွေ့ တော့ဘူးဆိုရင် တရားသူကြီးတဦးဦးကို နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖေါက်ဖျက်တဲ့စွပ်စွဲချက်နဲ့ အချိန်မရွေး ဖြုတ်ချနိုင်တဲ့ပြဌာန်းချက်ဖြစ်တယ်။

တောင်အာဖရိကနိုင်ငံမှာ တရားသူကြီးတဦးဟာ မစွမ်းဆောင်နိုင်တော့တဲ့ အခြေအနေရောက်နေပြီ၊ ဒါမှ မဟုတ် ကိုယ်ကျင့်တရားပျက်ပြားနေပြီဆိုတဲ့အချက်ကို စတင်တွေ့ရှိတင်ပြရမယ့်သူက သမတ မဟုတ်ပါဘူး။ လွတ် လပ်စွာ တည်ရှိနေတဲ့ တရားရေးကော်မရှင်ဖြစ်ပါတယ်။ ဒါက ပထမအဆင့်ပါ။ ဒုတိယ အဆင့်အနေနဲ့ အမျိုးသား လွှတ်တော် အမတ်ဦးရေရဲ့ သုံးပုံနှစ်ပုံက ဒီတရားသူကြီးကို ထုတ်ပယ်သင့်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရတယ်။ ဒီအ ချက်တွေဟာ တရားသူကြီးတဦးကို အရေးယူ ထုတ်ပယ်တဲ့ နေရာမှာ၊ လွယ်လင့်တကူ လုပ်လို့မရအောင် စနစ်တကျ အဆင့်ဆင့် ပြဌာန်းထားတာပါဘဲ။ တရားသူကြီးတဦးကို တာဝန်ကနေ ယာယီရပ်ဆိုင်းမယ်ဆိုရင်လဲဘဲ သမတ တဦး ထဲသဘောနဲ့ လုပ်လို့မရပါဘူး။ တရားရေးကော်မရှင်ကတင်ပြမှသာ ယာယီ ရပ်ဆိုင်းခွင့်ရှိပါတယ်။

မြန်မာနိုင်ငံမှာ နအဖ ဖွဲ့စည်းပုံထဲမှာ တရားသူကြီးတွေကို အရေးယူထုတ်ပယ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို စနစ်တကျပြဌာန်းထားတဲ့ပုံမျိုး ဖမ်းထားပါတယ်။ ဒါပေမယ့် တောင်အာဖရိကနိုင်ငံမှာလို လွတ်လပ်တဲ့ တရားရေး ကော်မရှင်ရဲ့ အခန်းကဏ္ဍလုံးဝ မပါရှိဘူး။ လွှတ်တော်က နေစုံစမ်းစစ်ဆေး အရေးယူသွားတယ်ဆိုပေမယ့် နအဖရဲ့ ဖွဲ့ စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့လွှတ်တော်ဟာ အားလုံးသိတဲ့ အတိုင်းပါဘဲ။ စစ်ဗိုလ်တမတ်သားနဲ့ ဖွဲ့စည်း ထားတဲ့ လက်ညှိုးထောင် ခေါင်းညိတ်လုပ်မယ့် လွှတ်တော်သာ ဖြစ်တယ်။ ဒါကြောင့် သမတ ကနေ တရားသူကြီးတဦး ကိုနိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှုနဲ့ စစ်ဆေးအရေးယူပါလို့ စွဲတင်လိုက်ရင် လွှတ်တော်က ဘယ်လိုလုပ်ပြီးပယ် ချနိုင်မှာလဲ။ တနည်းအားဖြင့် သမတက တရားသူကြီးတွေ ဂုတ်ပေါ် ဓါးတင်ပြီး တရားစီရင်ခိုင်းနေတဲ့ အနေအထား

ပါဘဲ။ ဒီလို အခြေအနေအောက်မှာ တာဝန်ထမ်းဆောင်ရမယ့် တရားသူကြီး၊ ဒီလိုတရားသူကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ တရားရုံးတွေဟာ ဘယ်လိုလုပ်ပြီး လွတ်လပ်၊ အားကောင်းနိုင်ပါ့မလဲ။

အဆိုးဆုံး အခြေအနေ တခုကို နောက်ဆုံး အနေနဲ့ နိုင်းယှဥ်တင်ပြပါမယ်။ တောင်အာဖရိကနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍတွေအပေါ် ကြပ်မတ်နိုင်တဲ့ အခွင့်အာဏာ တစုံတရာရှိတဲ့ တရားရုံးဖြစ်တယ်။ ဥပဒေပြုလွှတ်တော်ဖြစ်စေ၊ သမတ ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့တာဝန်ကိုကြေပွန်စွာ ထမ်းဆောင်ခြင်းရှိ မရှိ ဆုံးဖြတ်ချက် ချမှတ်နိုင်တယ်လို့ ပုဒ်မ ၁၆၇ (၄) (င) မှာ အတိအလင်း ပြဌာန်းထားတယ်။

မြန်မာနိုင်ငံမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဒီလို အခွင့်အာဏာမျိုး လုံးဝ အပ်နှင်းမထားဘူး။ နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ကို အသေအချာလေ့လာကြည့်ပါ။ အုပ်ချုပ်မှု ဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတိုင်းနဲ့ ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေအကြား အငြင်းပွားမှုတွေကိုသာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို စီရင်ခွင့်ပေးထားတယ်။ ဗဟိုအဆင့်ဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ သမတရဲ့ လုပ်ငန်းတွေအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက စီစစ်ကြီးကြပ်ခွင့် မရှိဘူး။ ဒါနဲ့ ပြောင်းပြန်ဘဲ။ သမတ က ခိုင်းတာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက လုပ်ရမယ့်ပြဌာန်းချက်ကိုတော့ ပုဒ်မခွဲ (င) မှာ အတိအလင်း ထည့်သွင်းထားတယ်။

တကယ်တော့ နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနဲ့ အခြားတရားရုံးတွေဟာ လူထုရဲ့အခွင့်အရေးကို အကာအကွယ်ပေးနိုင်မယ့် တရားရုံးတွေမဟုတ်ဘဲစစ်အာဏာရှင်တစု အာဏာတည်မြဲရေးအတွက် အသုံးတော်ခံ၊ အမှုတော်ထမ်းမယ့် တရားရုံးတွေသာ ဖြစ်မယ့် အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။